Australian Government
Services Australia

BURMESE

# Paid Parental Leave အစီအစဉ်

# သင့်ဝန်ထမ်းများနှင့် Paid Parental Leaveအကြောင်းဆွေးနွေးခြင်း

Paid Parental Leave scheme အရ အလုပ်ရှင်ဖြစ်သောသင်သည် သင့်ဝန်ထမ်းများအား Parental Leave Payမှတဆင့် အလုပ်မှခွင့်ယူရန် ခွင့်ပြုနိုင်ပါသည်။

Parental Leave Pay ဆိုသည်မှာ ဝန်ထမ်းများအား မွေးကင်းစကလေး သို့မဟုတ် မကြာသေးမီက မွေးစားသည့်ကလေးကို စောင့်ရှောက်ရန် သို့မဟုတ် အသေမွေးဖွားမှုနှင့် မွေးကင်းစကလေးသေဆုံးမှုအခြေအနေများတွင် လစာဖြင့် အလုပ်မှခွင့်ယူရန် အတွက် ပေးအပ်သောငွေ ဖြစ်ပါသည်။

သင့်ဝန်ထမ်းသည် Parental Leave Payအား ကျွန်ုပ်တို့ထံ လျှောက်ထားရန် လိုအပ်ပြီး၊ ခွင့်ယူရန်အစီအစဉ်နှင့် ပတ်သက်၍ သင်နှင့် ဆွေးနွေးရပါမည်။

## မိဘခွင့်အကြောင်း ဆွေးနွေးခြင်း

သင့်ဝန်ထမ်းက ကလေးယူရန် သို့မဟုတ် ကလေးမွေးစားရန် ရှိပါက၊ ၎င်းတို့၏အစီအစဉ်များကို စောစီးစွာ ဆွေးနွေးပါ။

ဆွေးနွေးရန် အကြောင်းအချို့မှာ -

- ၎င်းတို့ ယူနိုင်သော ခွင့်အမျိုးအစား
- Parental Leave Payယူနေစဉ် အခြားခွင့်များကို တစ်ချိန်တည်း ယူနိုင်ခြင်း ရှိမရှိ (ဥပမာ - လစာဖြင့် သို့မဟုတ် လစာမဲ့ခွင့်)
- ၎င်းတို့၏ ခွင့် စတင်ယူလိုအချိန်နှင့် အလုပ်ပြန်လုပ်မည့်အချိန်
- ၎င်းတို့ အလုပ်ပြန်လုပ်လိုပုံ (ဥပမာ - အချိန်ပိုင်းပြန်လုပ်ခြင်း)
- ၎င်းတို့သည် Parental Leave Payလျှောက်ထားသောအခါ သင့်လုပ်ငန်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ထံ ပေးပို့ရန် လိုအပ်သော အချက်အလက်များ

## Paid Parental Leave scheme မှ အခြားခွင့်များအပေါ် အကျိုးသက်ရောက်ပုံ

- ဤအစီအစဉ်သည် သင့်ဝန်ထမ်းများအား ထိုခွင့်ကို အလိုအလျောက် မပေးပါ။ Parental Leave Payရရှိရန်အတွက် ၎င်းတို့သည် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီရပါမည်။
- Parental Leave Pay သည် သင့်ဝန်ထမ်းများအတွက် လုပ်ငန်းဆိုင်ရာသဘောတူညီချက် သို့မဟုတ် ဥပဒေအရ ခွင့်ပြုထားသော အခြားခွင့်များကို မပြောင်းလဲနိုင်ပါ။
- လုပ်ငန်းဆိုင်ရာသဘောတူညီချက် သို့မဟုတ် ဥပဒေအရ သတ်မှတ်ထားပါက ဝန်ထမ်းအား လစာပြည့် မီးဖွားခွင့် သို့မဟုတ် မိဘခွင့်ကို ငြင်းပယ်နိုင်ခွင့် မရှိပါ။ ဤအချက်သည် သဘောတူညီချက် သို့မဟုတ် ဥပဒေ အကျုံးဝင်သည်အထိ သက်ရောက်ပါသည်။

အလုပ်ခွင်ရပိုင်ခွင့်များနှင့် ဥပဒေများအကြောင်းအား အင်္ဂလိပ်ဘာသာအပြင် 30 ကျော်ဘာသာဖြင့် သိရှိလိုပါက **fairwork.gov.au** သို့ သွားပါ သို့မဟုတ် Fair Work Ombudsmanသို့ **131 394**မှတဆင့် ဖုန်းခေါ်ပါ။

## ပိုမိုသိရှိရန်

- **servicesaustralia.gov.au/pplemployers**သို့ သွားပါ
- သင့်လုပ်ငန်းကို မှတ်ပုံတင်ခြင်းအကြောင်း ထုတ်ပြန်ချက်များအတွက် **servicesaustralia.gov.au/proda**သို့ သွားပါ
- ထုတ်ပြန်ချက်များကို သင်၏ဘာသာစကားဖြင့် ဖတ်ရှုခြင်း၊ နားထောင်ခြင်း၊ ကြည့်ရှုခြင်းပြုလုပ်နိုင်ရန်အတွက် **servicesaustralia.gov.au/yourlanguage** သို့ သွားပါ။
- သင့်ဘာသာစကားဖြင့် ပြောဆိုရန် **131 158** သို့မဟုတ် **131 202** ဖုန်းခေါ်ပါ။

## တာဝန်မယူခြင်းဆိုချက်

ဤထုတ်ဝေစာစောင်ပါ အချက်အလက်များကို ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများအတွက် လမ်းညွှန်အဖြစ်သာ ရည်ရွယ်ပါသည်။ ထောက်ပံ့ကြေးအတွက် လျှောက်ထားလိုသည် ဟုတ်/မဟုတ် အပြင် သင့် သီးခြား အခြေအနေ အပေါ်မူတည်၍ လျှောက်လွှာတင်သွင်းလိုသည် ဟုတ်/မဟုတ် ဆုံးဖြတ်ရန်မှာ သင်၏ တာဝန်ဖြစ်ပါသည်။

Australian Government
Services Australia

ENGLISH

# The Paid Parental Leave scheme

# Talking to your employees about Paid Parental Leave

The Paid Parental Leave scheme allows you as an employer to give your employees time off work through Parental Leave Pay.

Parental Leave Pay is a payment for them to take time off work to care for a newborn or recently adopted child or where the employee has had a stillbirth or infant death.

Your employee needs to apply for Parental Leave Pay with us and talk to you about leave arrangements.

## Talking about parental leave

If your employee is having a baby or adopting a child, talk to them early about their plans.

Some topics to talk about are:

- what leave they can take
- whether they can take other leave at the same time as Parental Leave Pay (for example, paid or unpaid leave)
- when they want to start their leave and when they expect to return to work
- how they want to return to work (for example returning part time)
- information they need to give us about your business when they lodge a claim for Parental Leave Pay.

## How the Paid Parental Leave scheme affects other leave

- The scheme does not automatically give your employees access to this leave. They must meet the rules to get the Parental Leave Pay.
- Parental Leave Pay does not change other leave that your employees are allowed under an industrial agreement or the law.
- You cannot refuse paid maternity or parental leave to your employee if it is part of an industrial agreement or the law. This applies for as long as the agreement or law is in place.

For information about workplace rights and laws in English and over 30 languages go to **fairwork.gov.au** or call the Fair Work Ombudsman on **131 394**.

## For more information

- Go to **servicesaustralia.gov.au/pplemployers**
- Go to **servicesaustralia.gov.au/proda** for information about registering your business
- Go to **servicesaustralia.gov.au/yourlanguage** where you can read, listen to or watch information in your language
- Call us on **131 158** or **131 202** to speak to us in your language.

## Disclaimer

The information contained in this publication is intended only as a guide to payments and services. It's your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.